## တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်

## ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေ

**(၂၀၁၁ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၀။)**

**၁၃၇၃ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်၆ရက်**

**(၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁၈ရက်)**

ပြည်ထောင်စုလွှတ်တော်သည်အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ၇၄၊ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၇၄။(က) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းကော်မရှင်သို့ အယူခံမှုသို့မဟုတ် ပြင်ဆင်မှု လျှောက်ထား နိုင်သည်။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ လျှောက်ထား ခွင့်ရှိသည်။"

(ခ) ပုဒ်မ၈၈ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"၈၈။(က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ်သို့မဟုတ် တစ်သက် တစ်ကျွန်း ဒဏ်ထိုက်သောပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသူသည် ယင်းသို့ကြေညာသည့် နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲ များတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စား လှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိ တော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့် နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင် ယှဉ်ပြိုင် ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက် ခံခြင်းသည် ပျက်ပြယ်ကြောင်းပုဒ်မ၇၄၊ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ၇၅၊ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊

သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နောက်တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**